# မြန်မာနိုင်ငံ ပျားမွေးမြူရေး

-- နန်းနွယ်အောင် --

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ ရာသီသီးနှံစိုက်ခင်းများ၊ သစ်သီးဝလံဥယျာဉ်ခြံများ ပေါများစွာတည်ရှိပါသည်။ မည်သည့်သီးနှံစိုက်ခင်းမျိုးပင်ဖြစ်ပါစေ ဝတ်မှုန်ကူးရန် လိုအပ်ပါ သည်။ ဝတ်မှုန်ကူးရာတွင်အင်းဆက်များ၏ အခန်းကဏ္ဍသည် အရေးပါလာပါသည်။ ၎င်းအင်းဆက်များထဲတွင်မှ ဝတ်ရည်စုပျားများသည် အကောင်းဆုံးဝတ်မှုန်ကူးသူများဖြစ်ကြပါသည်။ ပျားများသည် ပန်းပွင့်သည့်အပင်ဟူသမျှအားဝတ်မှုန်ကူးပေးပါသည်။ ပျားများ၏ ဝတ်မှုန်ကူးခြင်းသည် သစ်တောများနှင့် သီးပင်စားပင်အားလုံးအတွက် အကျိုးပြုပြီးပတ်ဝန်းကျင်ဂေဟစနစ်အား များစွာအထောက် အကူပြုသဖြင့် ကမ္ဘာပေါ်ရှိ သက်ရှိများအသက်ရှင်ရေးအတွက် အဓိကအရေးပါသောလုပ်ငန်းဖြစ်ပါသည်။



မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ခုနှစ်တွင်စတင်ခဲ့ပြီး နိုင်ငံပိုင်ကဏ္ဍတစ်ရပ်အဖြစ် ပြည်နယ်/ တိုင်းဒေသကြီးများ၌ ပျားအုံများမွေးမြူ၍သီးနှံစိုက်ခင်း၊ဥယျာဉ်ခြံများ၌ ဝတ်မှုန်ကူး ဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း၊ ပျားမွေးမြူရေးအသိပညာပေးသင်တန်းများ စာတွေ့လက်တွေ့ သင်ကြားပို့ချဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကပျားမွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးတွင် သီးနှံအထွက်တိုးစေရန် ပျားဖြင့်ဝတ်မှုန်ကူးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခေတ်မီပျားမွေးမြူရေးစနစ်ဆိုသည်မှာ သိပ္ပံနည်းကျတီထွင်ထုတ်လုပ်ထားသော ပျားအိမ်များနှင့် ပျားမွေးမြူရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများကို အသုံးပြု၍အုံသွင်းမွေးမြူနိုင်သည့် ပျားမျိုးများဖြစ်သည့် ဥရောပပျားမျိုး (Apismellifera) နှင့်သစ်ခေါင်းပျားမျိုး ( Apiscerana)တို့အား ပျားအိမ်အတွင်း ထည့်သွင်း မွေးမြူပြီးပျားရည်၊ ပျားဖယောင်း၊ ပျားကော်၊ ပျားနို့၊ ဝတ်မှုန်နှင့် ပျားဘုရင်မမျိုးများ မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများကို စီးပွားဖြစ် မွေးမြူကြခြင်းဖြစ်ပါသည်။

ပျားမွေးမြူရာတွင် ရွှေ့ပြောင်းမွေးမြူနည်းနှင့် အခြေစိုက်မွေးမြူနည်းဟူ၍ စနစ်နှစ်မျိုးရှိပါသည်။ အခြေစိုက် မွေးမြူနည်းမှာ တစ်နှစ်ပတ်လုံးနီးပါး ပျားစာပေါများစွာရရှိသောနေရာတွင် မွေးမြူခြင်းဖြစ်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူလိုသူများအတွက် ကိုယ်ပိုင်စိုက်ခင်း၊ခြံမြေနှင့် ပတ်ဝန်းကျင်တွင်စိုက်ခင်းများ ရှိပါကမွေးမြူနိုင်ပါသည်။ ရွှေ့ပြောင်းမွေးမြူနည်းမှာ ရာသီအလိုက်ပျားစာပေါများစွာရရှိသော နေရာများသို့ ပန်းပွင့်ချိန်အားချိန်ကိုက်၍ ရွှေ့ပြောင်းမွေးမြူခြင်းဖြစ်ပါသည်။

ပျားမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ ဆက်စပ်မှုရှိ၍လုပ်ငန်းအချင်းချင်းလည်း အပြန်အလှန် အကျိုးကျေးဇူးပြုလျက်ရှိပါသည်။ ထို့ကြောင့် ပျားမွေးသူများနှင့် စိုက်ပျိုးသူများသည် တစ်ဦးလုပ်ငန်းအပေါ် တစ်ဦးသဘောပေါက် သိရှိနားလည်ထားသင့်ပါသည်။ စိုက်ခင်းပျိုးခင်းများတွင် ပျားများ အကူအညီဖြင့် ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်ကြမည် ဆိုပါကစိုက်ပျိုးသူများနှင့် ပျားမွေးမြူသူများသည် ကြိုတင်သဘော တူညီချက်များ ညှိနှိုင်းရေးဆွဲသဘောတူပြီးမှသာ လုပ်ငန်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ အငြင်းပွားမှုများ၊ သဘောကွဲလွဲမှုများအား ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ပျားအုံများစတင်ချထားရမည့် အချိန်နှင့်ပြောင်းရွှေ့မည့်အချိန်တို့ကို သတ်မှတ်ထားသင့်ပါသည်။ အသုံးပြုမည့် စိုက်ခင်းဧရိယာ၊ ချထားမည့်နေရာအကွာအဝေး၊ အုံအရေအတွက် ၊ အန္တရာယ်ဖြစ်စေမည့်ပိုးသတ်ဆေးများ အသုံးပြုပါက ပက်ဖျန်းမည့်အချိန်၊ ဆေး၏အာနိသင်သက်ရောက်ကာလများအတွက် မပက်ဖျန်းမီ ကြိုတင် သတိပေး အစီအစဉ်များစသည်တို့ကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း သဘောတူချက် ထားရှိသင့်ပါသည်။ အထူးသဖြင့် စိုက်ပျိုးသူများသည် သီးနှံများဝတ်မှုန်ကူးခြင်းအတွက် ပျားများ၏စွမ်းဆောင်နိုင်မှုအား သိရှိထားသင့်ပြီး ယင်းသို့ သိရှိနားလည်ရန် ပျားမွေးမြူသူများမှ အသိပညာများ ဖြန့်ဝေပေးခြင်းကို ကြိုတင်ပြုလုပ် ထားရှိပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။

ဝတ်မှုန်ကူးအောင်မြင်မှုကြောင့် သီးနှံများအထွက်တိုးသည့်အပြင် ထွက်ရှိလာသော သီးနှံများသည်လည်း အရည်အသွေး ပြည့်ဝကောင်းမွန်ကြောင်း တွေ့ရှိရကြပါသည်။ ဝတ်မှုန်ကူးညံ့ဖျင်းမှုသည် သီးနှံများထွက်ရှိမှု ဆုတ်ယုတ်ခြင်း၊ နှောင့်နှေးကြန့်ကြာစေခြင်း၊ အညံ့အဖျင်းများခြင်း တို့ကိုဖြစ်စေပါသည်။ ပျားချထားမွေးမြူသည့် စိုက်ခင်းသည် ပျားချထားမွေးမြူခြင်းမရှိသည့် စိုက်ခင်းထက် အဆပေါင်းများစွာ အထွက်တိုးစေပါသည်။ ပျားတို့၏ ဝတ်မှုန်ကူးအောင်မြင်မှုကြောင့် ထွက်ရှိလာသည့်သီးနှံအရေအတွက်၏ တန်ဘိုးသည် ပျားမွေးမြူသူများ၏ ပျားအုံအတွင်းမှရရှိသည့်ပျားရည်၊ ဝတ်မှုန်စသောပျားထွက်ပစ္စည်းများ၏ တန်ဘိုးထက် အဆ (၂၀) ခန့်ပိုသည်ဟုအဆိုရှိပါသည်။

ပျားလုပ်ငန်းဌာနအနေဖြင့် ပုဂ္ဂလိကပျားမွေးမြူလိုသူများအတွက် ပျားဘုရင်မ၊ လုပ်သားပျား၊ ပျားအိမ်၊ ပျားသလက်ဘောင်များနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးနေသည့်အပြင် ဖြစ်ပွားလာသော ပျားရောဂါများ စစ်ဆေးကုသပေးခြင်း၊ နည်းပညာများဖြန့်ဝေပေးခြင်း၊ ပျားထွက်ပစ္စည်းများအား ဌာန

သတ်မှတ်နှုန်းဖြင့်ဝယ်ယူခြင်း၊ ပျားရည်အရည်အသွေးစစ်ဆေးပေးခြင်း၊ မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခြင်းစသည်တို့ကို စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံရှိပျားမွေးမြူသူများနှင့် ပျားအုံအရေအတွက်မှာ ဌာနဉရောပ ပျားစခန်း (၃၅)ခုနှင့် ပုဂ္ဂလိကမွေးမြူသူလုပ်ငန်းရှင် (၉၀၀)ဦးခန့်ရှိပြီး၊ ဌာနပျားအုံ(၆၂၀၀)အုံနှင့် ပုဂ္ဂလိကပျားအုံ (၁၂၃၆၀၀)အုံခန့် ရှိပြီးဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပျားရည်ထုတ်လုပ်မှု(၄၅၀၀)မက်ထရစ်တန်ခန့်ရှိပြီး၊ ပြည်ပနိုင်ငံ များဖြစ်သော အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊မလေးရှားနိုင်ငံများသို့ ပျားရည်တင်ပို့မှု (၃၅၅၀) မက်ထရစ် တန်ခန့်ရှိပြီးဖြစ်ပါသည်။ ပျားဖြင့်ဝတ်မှုန်ကူးဆောင်ရွက်မှု (၁၉၆၃၂၉၀) ဧကခန့်နှင့် ပျားမွေးမြူရေး ပြည်သူ ပညာပေးတိုးချဲ့သင်တန်းအား ဖွင့်လှစ်ပို့ချပေးခဲ့ရာတွင်လည်း သင်တန်းသားဦးရေ (၈၅၀၀) ဦးခန့် အား သင်တန်းပို့ချပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်အဖြစ် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၌ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ဘိန်းအစားထိုးသီးနှံစိုက်ခင်း (၇၈၈၁၀)ဧကအား ပျားအုံ(၆၁၇၀၀)အုံဖြင့် ဝတ်မှုန်ကူး ဆောင်ရွက်ပေးခဲ့ပြီး၊ သင်တန်းပို့ချပေးခြင်း၊ ပျားအုံများ၊ ပျားဘုရင်မမျိုးများ ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက် ပေးခဲ့ပါသည်။

ပျားမွေးမြူရေးသည ခက်ခဲရှုပ်ထွေးသည့် လုပ်ငန်းမဟုတ်ပါ။ ရေရှည်ရပ်တည်နိုင်သော လုပ်ငန်းတစ်ရပ် ဖြစ်ပါ သည်။ ပျားမွေးမြူခြင်းကို အသက်အရွယ်မရွေး အမျိုးသားများသာမကအမျိုးသမီးများပါ မွေးမြူနိုင်ပါသည်။ နေ့စဉ်ဂရုစိုက်စရာမလိုပဲ အခြားလုပ်ငန်းတစ်ခုလုပ်ပြီး တစ်ဖက်တစ်လမ်းမှလည်း မွေးမြူနိုင်ပေသည်။ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေပါသည်။ ပျားအိမ်ပြုလုပ် ခြင်း၊ ပျားထွက်ပစ္စည်းများရောင်းချခြင်း၊ တန်ဘိုးမြင့် ပျားထွက်ပစ္စည်းများ ပြုလုပ်ရောင်းချခြင်းဖြင့်လည်း ဝင်ငွေရရှိ စေနိုင်ပါသည်။

အချုပ်ဆိုရသော် ပျားမွေးမြူခြင်းသည် မိမိနှင့် မိမိပတ်ဝန်းကျင်ကို အကျိုးယုတ်စေခြင်းမရှိပဲ ကျေးလက်နေ လူဦးရေများပြားသည့် မိမိတို့၏နိုင်ငံတွင် သီးနှံစိုက်ရင်းပျားမွေးခြင်းဖြင့် နှစ်ဖြာဝင်ငွေရရှိစေနိုင်ပါကြောင်း တင်ပြလိုက်ရပါပေသည်။